# ပြည်သူများ သိရှိစေရန် အသိပေးကြေညာချက်

ယခုကာလတွင် Online Facebook Pages များမှတစ်ဆင့် ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အစားအသောက်များ ရောင်းဝယ်မှုခေတ်စားလာသည်ကိုတွေ့ရှိ ရပါသည်။ ထိုမျှမက ဆေးဝါးများကိုပါ Online Facebook Pages များမှတစ်ဆင့် ကြော်ငြာ၍ရောင်းဝယ်မှုများရှိနေပါသည်။ ဆေးဝါးများတွင် ဆရာဝန်ညွှန်ကြားချက် မလိုသောဆေးဝါးများ (OTC) နှင့် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာသုံးစွဲရသော ဆေးဝါးများ (POM) ဟူ၍နှစ်မျိုးရှိပါသည်။

ဆရာဝန်ညွှန်ကြားချက်မလိုသော ဆေးဝါးများ (OTC) ကိုသာ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်အရ ပြည်သူများကို ကြော်ငြာခွင့်ရှိပြီး ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရသောဆေးဝါးများ (POM) ကိုကြော်ငြာခွင့်မရှိ ပါ။ ယခုအခါ အောက်ပါပုံတွင်ဖော်ပြထားသော **Dr. X 100 Tablet (Sildenafil Citrate)** ကို Online Facebook Pages များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည် ကိုတွေ့ရှိရပါသည်။ ၎င်းဆေးဝါးသည် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်ရရှိထား ခြင်းမရှိသည့်အတွက် ဆေးဝါး၏အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်မရှိသည့်အပြင် ညွှန်ကြားချက်မရှိဘဲ သောက်သုံးလျှင်/သုံးစွဲလျှင်အန္တရာယ် ရှိနိုင်ပါသဖြင့် ပြည်သူများသိရှိရှောင်ရှားနိုင်စေရန် အသိပေးအပ်ပါသည်။




Dr.SKZT/Dr.TGZ/Web page